## ခရစ်ယာန်သာသနာ ရှေးဦးကာလ (အေဒီ ၃၃– ၃၂၅)

အေဒီ ၁ ရာစုတွင် ဂျူးဘာသာ၏ ဂိုဏ်းတစ်ခုအဖြစ် ဂရိ ရောမအင်ပါယာ အတွင်းနှင့် အပြင်သို့ စတင်၍ သာသာနာပြန့်နှံ့သော အချိန်နှင့် အေဒီ ၃၁၃ **ကွန်စတန်တီနိုဘာယ် သည် ဂရိတ်** နန်းတက်လာပြီး ခရစ်ယာန် တို့အား နိုင်ငံတော်လုပ်ကြံမှုကာလ အဆုံး နှစ်ချီ (ယနေ့ တူရကီနိုင်ငံ အိစ်နစ်) ပထမ သံဃာယနာ အထိ ကာလကို ခရစ်ယာန် သာသနာ၏ ရှေးဦးကာလဟု ဆိုနိုင်ပေသည်။ ၎င်းကို ပထမမျိုးဆက် တပည့်တော်များ အသက်ထင်ရှား ရှိစဉ် အသင်းတော်များ စုစည်းသော **တပည့်တော်များခေတ်** နှင့် သင်းအုပ် ဆရာတော် များ ကြီးထွားလာပြီး ဘွဲ့စ်ရှော့ပ် (သင်းအုပ်ဆရာတော်) နယ်များကို ဘွဲ့စ်ရှော့ပ် (အုပ်ထိန်းသူ) များက အုပ်ချုပ်ခြင်း ဖြစ်သော **တပည့်တော်များလွန်ခေတ်** ဟူ၍ အပိုင်းနှစ်ပိုင်း ခွဲနိုင်ပေသည်။ သို့သော်လည်း တပည့် တော်များလွန်ခေတ်ကို ကွန်စတန်တိန်း၊ ဂရီဂိုရီနှင့် ပုပ်ဘိုနီဖေ့စ် (၂) လက်ထက်ထိ ကြည်ညိုလေးစားမှု အကြီး အကျယ် အားနည်းခဲ့ပေသည်။ (တပည့်တော်များ ဆိုသည်ကို ခရစ်ယာန် ဘာသာရေး ဝေါဟာရ အရ တမန်တော်များဟု ခေါ်ပေသည်။)

## တပည့်တော်များ အသင်းတော် (Apostolic Church)

ရှေးဦး အသင်းတော်ဟု ခေါ်ဆိုသည့် တပည့်တော်များ၏ အသင်းတော်ကို ယေရှု၏ တပည့်တော်များနှင့် အမျိုး တော် အဆွေတော်များက ဦးဆောင်ခဲ့ပေသည်။ “အထူးသာသနာပြု အဖွဲ့” (မာကု ၁၆း၁၄) အရ ယေရှုသည် သူ၏ တပည့်တော်များအား ဩဝဒတော်များကို ကမ္ဘာအနှံ့ ဖြန့်ချီကြရန် မိန့်မှာခဲ့သည် ဟူ၏။ ဤကာလ အတွက် အခြေခံကျသော အချက်အလက်ရင်းမြစ်များမှာ တမန်တော်ဝတ္ထုမှ ဖြစ်၍၊ ထိုကျမ်းချက်များတွင် “အထူး သာသနာပြုအဖွဲ့”မှ အသင်းတော်၏ ရာဇဝင်အား ပေးထားပေသည်၊ (၁း ၃–၁၁)။ **ပင်တက်စ်ကို့စ်**နှင့် ဂျေရုဆလင် အသင်းတော် ထူထောင်ခြင်း ပေါလု၏ ဘဝတာပြောင်းလည်းခြင်းနှင့် ပထမရာစု၏ အလယ်၌ ရောမတွင် ထောင်ချခံရခြင်း (အကျယ်ချုပ်) ၂၈း ၃၀–၃၁) ဂျူးမဟုတ်သော လူမျိုးများဆီသို့ သာသနာပြန့် ထွက်သွားခြင်း ဖြစ်ပေသည်။ သို့သော် “တမန်တော် ဝတ္ထု” နှင့် ပတ်သက်သော သမိုင်းဆိုင်ရာမှာ အငြင်းပွား ဘွယ်ဖြစ်ပြီး၊ ထိုသို့ အငြင်းပွားစရာထဲတွင် ရှင်ပေါလု၏ ကျမ်းစာများ သည်လည်း ပါဝင်ပေသည်။

ပထမဦး ခရစ်ယာန်များသည် အစဉ်သဖြင့် ဂျူးလူမျိုးစုများမှ သို့မဟုတ် ဂျူး သာသနာ အပြုခံထားရသူများမှ ဖြစ်၏၊ အခြားတနည်းအားဖြင့် ပြောရသော် ယေရှုသည် ဂျူးလူမျိုးများအား တရားဟောပြော၍ ထိုအထဲမှ ပထမဆုံး တပည့်တော်များကို ခေါ်ယူခြင်း ဖြစ်ပေ၏၊ အစောဆုံးသော အထောက်အထားများ အားဖြင့် တပည့်တော်ပေါင်း ၇၀ ဟုခေါ်သော “တင်မြှောက်ထားသည့် အီဗင်ဂျလစ်ဇာ အုပ်စု” သည် ဂျူးများမှ ဖြစ်၍ ဂျူးလူမျိုးနွယ်အား ခွဲပြထားခြင်း မရှိချေ။ ဂျူးမဟုတ်သော လူမျိုးစုများ၏ သာသနာ ကူးပြောင်းခြင်းသည် သူတို့ အတွက် ခရစ်ယာန်ဖြစ်ရန် တစ်စိတ်တစ်ပိုင်း အဖြစ် ဂျူးဖြစ်ရန် လိုခဲ့ သလော (အစဉ်အားဖြင့် အရေပြား လှီး ဖြတ်ခြင်းနှင့် အစားအသောက်ဆိုင်ရာ ဥပဒေများကို ကျင့်သုံးခြင်းဖြင့် ခွဲခြားသည်) ဆိုသည်ကို ဆက်စပ်မိရန် ခက်ခဲနေပေသည်။ ရောမ စစ်ဗိုလ် ကွမ်းမဲလ်လစ်၏ ဘဝတာပြောင်းလည်းခြင်းကို အထောက်အထားပြု၍ ရှင်ပေတရု၏ အဆုံးအဖြတ်မှာ သူတို့သည် ထိုသို့ (ဂျူးဘာသာကဲ့သို့) ပြုခဲ့ခြင်း မဟုတ်၊ ထိုကိစ္စသည် ဂျေရုဆလင် သံဃာယနာ တွင်မှ ဖြစ်လာခြင်း ဟု ဆို၏။ (Primacy of Simon Peter နှင့် Biblical law in Christianity for the modern debate တွင် ကြည့်ပါ။)

အစောပိုင်း အသင်းတော်များသို့ တပည့်တော်များ ဆောင်ကြည်းလာသည့် ဩဝါဒတော်များသည် အချို့သော ဂျူးဘာသာရေး အာဏာပိုင်များနှင့် ပဋိပက္ခတွင်းသို့ ရောက်ခဲ့ပေသည်။ ထိုအချင်းအရာသည် တဖြေးတဖြေးနှင့် သူတို့အား ဂျူးဘုရားကျောင်း (ဆီနီဂေါ့ အချို့က ဆင်းနွတ်စ် ဟု အသံထွက်) များမှ နှင်ထုတ်ခံရသည် အထိ ဦးတည်ခဲ့ပေသည်။ (ဂျမ်နီးယား သံဃာယနာ Council of Jamnia ကိုကြည့်ပါ)။ တမန်တော်ဝတ္ထုတွင် **ရှင် သတေဖန်** နှင့် **ဂျိမ်းသည် ဂရိတ်** တို့အား အာဇာနည် များအဖြစ် မှတ်တမ်း တင်ထားပေသည်။ ထို့ကြောင့် ခရစ်ယာန် အနေဖြင့် ရဗ္ဗုနီ ဂျူးမှ သီးသန့် ရပ်တည်ရန် လိုအပ်လာခဲ့ပေတော့သည်။ (List of events in early Christianity နှင့် Christianity and Judaism

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

တွင်ကြည့်ပါ။) တမန်တော်ဝတ္ထု (၁၁း ၂၆) ကဲ့သို့ မှတ်တမ်း များ အရ ခရစ်ယာန် ဟူသောအမည်ကို အန္တိအုတ်မြို့မှ တပည့်တော်များက စတင် ခံယူခဲ့ပေသည်။

## ယေရှုအား ဆည်းကပ်ကိုးကွယ်ခြင်း



**ကောင်းသော သိုးထိန်း၊ ယေရှု ခရစ် (၃ ရာစု)**

တပည့်တော် အသိုင်းအဝိုင်း၏ ယုံကြည်ခြင်း အခြေအမြစ်တွင် ဓမ္မဟောင်းနှင့် ဓမ္မသစ် ခရစ်ဝင်ကျမ်းများ ပါဝင် ခဲ့သည်။ ဤကျမ်းများတွင် အစောပိုင်းကာလ ခရစ်ယာန်များ၏ အယူနှင့် ဓမ္မတေးများကို အလွန် အစောဦး ဆုံး ကာလ ကပင် ထည့်သွင်းခဲ့ပေသည်။ ယေရှုအား အမွန်းတင်၍ **ပြင်းထန်စွာခံစားရသော အဖြစ်၊ အုတ်ဂူ ဟောင်း လောင်းနှင့် ရှင်ပြန်ထမြောက်ခြင်း** ပုံဆောင်မှုများကိုလည်း ထည့်သွင်းခဲ့ပေသည်။ ဤမှတ်တမ်းများမှာ ယေရှု၏ ကားစင်တင်ခံရပြီး ဆယ်စုနှစ် တစ်ခုအတွင်းနှင့် ဂျေရုဆလင် အသင်းတော် စည်ရုံးသိမ်းသွင်း နေစဉ် ကာလများ၌ ဖြစ်ပေသည်။

အစောပိုင်း ခရစ်ယာန်များ၏ အယူများနှင့် ဓမ္မတေးများတွင် ယေရှု ကြွမြန်းခြင်း ယုံကြည်ချက်များကို ဖော်ပြ နေပေသည်။ ဥပမာအားဖြင့် ၁ ကောရိန္သု ၁၅း ၃-၄ မှ ပေါလု၏ မှတ်ချက် “ငါသည် ကိုယ်တိုင်ခံယူသည်အတိုင်း၊ သင်တို့အား ရှေ့ဦးစွာပေးအပ်သော အကြောင်းအရာ ဟူမူကား၊ ခရစ်တော်သည် ကျမ်းစာလာသည်အတိုင်း ငါတို့ အပြစ်ကြောင့် အသေခံတော်မူ၏။ သင်္ဂြိုဟ်ပြီးမှ၊ ကျမ်းစာလာသည်အတိုင်း သုံးရက်မြောက်သောနေ့၌ ထမြောက်တော်မူ၏” ဟူ၍ ဖြစ်၏၊ များစွာသော သုတေသီများ၏ ဤဆိုအရ ရှေးဟောင်း အယူများမှာ ယေရှု သေဆုံးပြီး ဆယ်စုနှစ်ထက် စော၍၊ ဂျေရုဆလင် တပည့်တော်များ အသိုင်းအဝိုင်း စည်းရုံးခြင်း ကာလမှပင် တည်ရှိခဲ့သည် ဟူ၏။ မည်သည့် သုတေသီကမှ နှစ်လေးဆယ်ထက် နောက်ကျသည် ဟူ၍ဆို မထားချေ။ အခြား သော ဆက်နွယ်သော အလွန်ရှေးကျသည့် အယူများမှာ ၁ ယောဟန်၊ ၄း၂။ ၂ တိမောသေ ၂း၈။ ရောမဩဝါဒ ၁း ၃-၄ နှင့် ၁ တိမောသေ ၃း၁၆ တို့သည် ရှေးကျသော ယုံကြည်ချက် ဓမ္မတေးများ၌ ပါဝင်ပေသည်။

## အဆုံး မသတ်သော ဂျူးသာသနာ

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com




**တက္ကဆတ်ပြည်နယ်  ကာပီတို မြေပြင်မှ ပညတ်တော်ဆယ်ပါး မော်ကွန်းတိုင် တတိယမြောက် အချိုင့်မဖေါ်ထားသော ပညတ် တော်မှာ "သတင်းဥပုသ်နေ့အား သတိရ၍ မြင့်မြတ်စွာ စောင့်ရှောက်ကြ" ဟုဖြစ်ပေသည်။**

ဂျူးများက ငြင်းပယ်သော်လည်း အစောပိုင်း ခရစ်ယာန်များသည် ပထမရာစုတွင် ဂျူးဝါဒမှ အချို့ ဩဝါဒများနှင့် ကျင့်ထုံးများကို ဆက်လက် ထိမ်းသိမ်းခဲ့ပေသည်။ သူတို့သည် ဂျူးတို့၏ ကျမ်းစာများကို ခိုင်လုံသော ယုံကြည် စရာအဖြစ်နှင့် မြင့်မြတ်သော ကျမ်းစာအဖြစ် လက်ကိုင်ထားခဲ့ပေသည်။ အောက်ပိုင်းတွင် ဓမ္မဟောင်းဟု ခေါ် သော (ဘီစီ ၃ ရာစု နှင့် ၁ ရာစု အကြား အလက်ဇန်းဒြား၌ ဘာသာပြန်ခဲ့သော ဂရိဘာသာပြန် ဟီဘရူး ဘိုင် ဘယ်)  စစ်ပ်ဂျူဂျင့်စ် သို့မဟုတ် (အာရာမစ် ဘာသာပြန် ဟီးဘရူး ဘိုင်ဘယ်) တာဂမ်ကို အသုံးများပြီး နောက်ပိုင်းတွင် ဓမ္မသစ်ကျမ်းစာကိုပါ ပေါင်းထည့်ထားပေသည်။ ဘတ္တိဇံခြင်း အမွေးနံ့သာများ၊ စားပွဲတော်များ ဂျူးဘုရားကျောင်း ဓလေ့မှ ဆင်းသက်လာသော ကျမ်းစာ ဖတ်ခြင်းများ တေးဂီတနှင့် ဓမ္မတေးသီဆို တီးခတ်မှု များ ပါဝင်သည့် စုပေါင်း ဝတ်ပြုခြင်း တို့ကဲ့သို့ ဂျူးတို့၏ ဓလေ့များကို ခရစ်ယံများက ဆက်လက် ဆက်ခံထား ပေသည်။ ဘာသာရေး ပြက္ခဒိန် (ဘာသာတရား နေ့ရက်သတ်မှတ်မှုများ) နှင့် ယောက်ျား ပရောဟိတ် အဖြစ် ခံယူခြင်း၊ အိမ်ထောင်သားမွေးကို စွန့်သော ရသေ့ရဟန်းကဲ့သို့ ကျင့်ကြံခြင်း စသည်တို့မှာလည်း ဂျူးတို့၏ ဓလေ့မှပင် ဖြစ်ပေသည်။ အရေးပြားလှီးခြင်း ဓလေ့ကို လိုအပ်ချက်တစ်ရပ်အဖြစ်မှ ပါယ်ဖျက်ရန် ဂျေရုဆလင် သံဃာယနာ၌ ဆုံးဖြတ်ခဲ့သည်။ နစ်ဇာ ပထမ သံဃာယနာ၌ ပါ့စ်အိုဗာနေ့အတွက်ပြင်ဆင်ခြင်းကို ပါယ်ဖျက်ခဲ့၍ ဥပုသ် သီလစောင့်ထိန်းမှုကိုလည်း ပြုပြင်ပြောင်းလည်းခဲ့ပေသည်။

ပထမရာစုတွင်း အစေပိုင်း ခရစ်ယာန်များက တစ်ဆူတည်းသော ဘုရား (အစ္စရေးလ်တို့၏ ဘုရား) **ယာဟ်ဝါ** ကို ယုံကြည်ကြ၍၊ ဓမ္မဟောင်းတွင် ဟောထားသော ယေရှုအား မေရှိယ (ခရစ်) အဖြစ် သတ်မှတ်ကြပေသည်။

**ပလီယို–အော်သိုဒေါ့ဂိုဏ်း** အား ထောက်ခံသူ အလက်စ်တာ မက်ဂါတ် **Alister McGrath** က များစွာသော ဂျူး–ခရစ်ယာန်များမှာ ဂျူးဘာသာ၏ ယုံကြည်ချက်များ ပြည့်နှက်လျှက် ရှိ၍၊ ယေရှုအား မေရှိယအဖြစ် လက် ခံခြင်း တစ်ခုသာ ကွဲပြားခြားနားခြင်း ရှိပေသည် ဟုဆို၏။

## အသင်းတော် ကိုယ်တည်

တပည့်တော်များ၏ အသင်းတော် ဝါစဉ်ကို (ဘဲ့စ်ရှော့ပ်များ၊ အကြီးအကဲများ၊ ပရက်ဘိုင်တာများ၊ ပါစတာများ) အုပ်ထိန်းသူများနှင့် (ဒေကန်) အမှုထမ်းများဖြင့် ဖွဲ့စည်း၍ အမြဲတမ်း ယောက်ျားများပင် ဖြစ်ပေသည်။ ကောရိန် သိယန် အသင်းတော်၏ ခေါင်းဆောင်ဟု ကိုယ်စားပြုသော ကလီးမင့် ဟူသည့် ရောမ၏ ဘဲ့စ်ရှော့ပ်သည် ဘဲ့စ် ရှော့ပ်နှင့် ပါစ်တာမှာ

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ကွဲပြားမှု မရှိချေ။ ဘဲ့စ်ရှော့ပ်များမှာ ထာဝရဘုရား၏ သိုးအုပ်အား သိုးထိန်းဖြစ်သော ယေရှု၏ စဉ်ကြယ်သော တရားဖြင့် ဦးဆောင်ရမည်ပင် ဟု ရေးသားထားပေသည်။

တပည့်တော်များ၏ခေတ်တွင် အရေးပါသော ဘဲ့စ်ရှော့ပ်များ စာရင်းတွင် ရောမမှ ကလီးမင့်၊ အန္တိအုတ်မှ အကဲ နာ့တီးစ်၊ သူနှင့်အတူ ဆမီနာ့ မှ ပိုလီခရဲ့က်ပ် တို့ပါဝင်ပေသည်။ သူတို့အား တပည့်တော်များ၏ စာရင်း၌ မကြာခဏ သိရှိလေ့လာရသောကြောင့် ရှေ့ဦးတပည့်တော်များ ဟု ခေါ်ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com